# နှင်လားဟဲ့ ဂျပန် (၈)

## ယခင်လမှအဆက်

● မီအိုက အိအိချော

တစ်ချို့လည်း အားမနာတမ်း ပြောရှာပါသည်။ ရန်ကုန်မြို့ကြီးမှာ ဂျပန်ကုမ္ပဏီ ဘယ်နှစ်ခုရှိသလဲ။ လက်ငါးချောင်းတောင် မပြည့်ဘူး။ ဂျပန်စာသင်ပြီး ဘယ်မှာအလုပ်ဝင်မှာလဲ။ တရုတ်စာသင်တာကမှ အကျိုး ရှိဦးမယ်။ အလုပ်တွေမှပေါမှပေါ။ လစာကလည်း ကောင်းမှကောင်း (သူတို့ပြောတာမှန်ပါသည်။ အဲသည်တုန်းက ဂျပန်ကုမ္ပဏီဟူ၍ သိပ်တောင် မကြားဖူးသောခေတ်ဖြစ်ပါသည်။ တရုတ်စာရသူများ ခေတ်အလွန်ကောင်းသော အချိန်လည်း ဖြစ်ပါသည်။


ဂျပန်စာသင်ပြီးလျှင် Tour Guide လုပ်ရုံကလွဲပြီး တစ်ခြားအလုပ်လုပ်စရာ မရှိပါ။ အဲသည်အချိန် Tour Guide လိုင်စင် ရဖို့ကလည်း သိပ်လွယ်လှသည်တော့ မဟုတ်။ သို့သော် ကျွန်မ ဘာမှပြန်မဖြေရှင်းခဲ့ပါ။ ဘယ်သူတွေ ဘာပြောပြော ဂျပန်စာမှဂျပန်စာ။ ဂျပန်စာမှ လွဲပြီး တခြားဘာသာရပ်တွေကို အလကား သင်ပေးတာတောင် မသင်။ အဲသည်အချိန်တုန်းက ဂျပန်စာကိုသင်ယူနေခြင်းသည် အချိန်များကို ဖြုန်းတီးပစ်နေခြင်းသာဖြစ်ပြီး အလုပ်ရဖို့လည်း ခက်ခဲသည့်ကာလဟု အတော်များများက သတ်မှတ်ထားကြချိန်။ တကယ်လို့များ ဂျပန်သွားမည်ဆိုရင်တောင်မှ ပိုက်ဆံတန်ဖိုးရှိသည့်အချိန်လည်း ဖြစ်သည့်အပြင် အနည်းဆုံးသိန်း ၁၂၀ လောက်ကုန်မည်။ ဒါတောင်မှ အလိမ်ခံရလေမလားဟု ဘုရားတပြီး အေးဂျင့်အပ်ရသည့်ခေတ်။ အလုပ်ရဖို့ အာမခံချက်ကလည်း နည်းသည်ဆိုတော့ ကျွန်မကို အိမ်ကလည်း သိပ်အမြင်မကြည်ကြပါ။

ကျွန်မကတော့ ဘယ်သူတွေ ဘာပဲပြောပြော။ ဂျပန်စာသင်မပျက် ဂျပန်စာကို ရူးသွပ်မြဲရူးသွပ်ဆဲ။ အနာဂတ်ကို လှမ်းကြို့မမြင်နိုင်ရသော်လည်း တစ်နေ့နေ့မှာတော့ တစ်ခုခုဖြစ်ရမည်ဟု ကိုယ့် ကိုယ်ကို ယုံကြည်မှုပေါင်းများစွာနှင့်ခေါင်းမာစွာ တစ်ယောက်တည်း လျှောက်လှမ်းနေ

ခဲ့ပါသည်။

သည်လိုနှင့်လုံးလည်ချာလည်လိုက်နေရင်း ကျွန်မ မနောရမ္မပညာဒါနကျောင်းသို့ရောက်သွားသည်။ သည်မှာတင် သဘောပေါက်နားလည်သွားရသည်ကတော့ ဂျပန်သဒ္ဒါကို ဂျပန်စာကျွမ်းကျင်သည့်မြန်မာဆရာများနှင့်သင်ယူတာ အထိရောက်ဆုံးဆိုသည့်အရာပဲဖြစ်ပါသည်။ Momiji နှင့် Win မှာ အသင်အပြ ကောင်းပြီး နာမည်ကြီးကျောင်းများဖြစ်ကြပါသည်။ ထိုကျောင်းထွက်များဆိုလျှင် ဂျပန်စကားကို မွှတ်နေအောင် ပြောနိုင်သည်။ အလွန်လည်းတော်ကြပါသည်။ သို့သော် ကျွန်မမှာ သူတို့လိုမျိုး အခြေခံမရှိခဲ့သောကြောင့် ၂ နှစ်လောက်အချိန်ကြာသွားခဲ့သော်လည်း လိမ့်လည်လိမ့်လည်နှင့်ထင်သလောက်ခရီးမပေါက်ခဲ့။ အလုပ်တစ်ဖက်နှင့်ဆိုတော့ တောက်လျှောက်လည်းမတက်နိုင်၊တက်လိုက်ရပ်လိုက်နှင့် အရှိန်က သေသေသွားသည်။ သည်တော့ စာတွေက မေ့လိုက်နားမလည်လိုက်နှင့် လိပ်ပတ်မလည်နိုင်ခဲ့။

နောက်ဆုံးတော့ ပညာဒါနကျောင်းဖြစ်သည့် မနောရမ္မမှာ သင်တန်းကြေး ပူစရာမလိုဘဲ အတန်းတွေ လျှောက်တက်လို့ရတော့မှ နက်နက်ရှိုင်းရှိုင်းသဘောပေါက်နားလည်နိုင်ခဲ့ခြင်းမရှိသော Grammer နှင့် Fukushi များကို ဆရာက အသေးစိတ်ခြေခြေမြစ်မြစ် ရှင်းပြတော့မှ သြော် ဒါက ဒီလိုအဓိပ္ပာယ်ကိုဆိုလိုတာပါလားဆိုတာကို တကယ့်ကို ရှင်းရှင်းလင်းလင်းကြီး သဘောပေါက်နားလည်ခဲ့ရသည်။ သည်မှာတင် တစခန်းက မရပ်သေးပါ။ ဆရာက သူသင်ထားသည့်စာများကို ဘယ်လောက်အထိ သဘောပေါက် နားလည်သလဲဆိုတာသိချင်သောကြောင့် ဥပမာစာကြောင်းများ တည်ဆောက်ခိုင်းပြန်ပါသည်။ ကျွန်မ မရေးနိုင်ပြန်ပါ။ ကျွန်မ ဦးနောက်ထဲမှာ ဘဝင်ရှုး





CamScanner



**မိမိယုံကြည်ထားခဲ့သူ တစ်ယောက်၏ သစ္စာဖောက်ဖျက်ခြင်းကို ခံလိုက်ရချိန်မှာ ကျွန်မဘဝ တစ်ဆစ်ချိုးသို့ ရောက်သွားခဲ့ပါသည်။**

ရှုးစွာ ကိုယ့်ဘာသာအကဲဖြတ်ထားသော ဟိုမရောက် ဒီမရောက် ဂျပန်စာများက ဝါကျတစ်ကြောင်းကို အဖြစ်ရှိအောင် တည်ဆောက်နိုင်လောက်သည့် အရည်အချင်းမျိုးမရှိ။

ဒါကို ကိုယ့်ဘာသာကိုယ်သိနေသော်လည်း လက်မခံ။ ဖွတ်အတင်းကြီးအရှေ့ကိုသာသွားချင်၍ အခြေခံအားဖြင့် သိသင့်သိထိုက်သည်များကို ကြေညက်အောင်လည်း မလေ့လာ။ ရှေ့ကိုဆက်သင်ဖို့သာ အားသန်နေသောကြောင့် မျောက်သစ်ကိုင်းလွတ်သလို ဖြစ်နေပါသည်။ သည်မှာတင် ဆရာက ပြောပါသည်။ ဆရာပေးတဲ့ အိမ်စာတွေကို မလုပ်နိုင်တဲ့သူ၊ ဝါကျတွေ မတည်ဆောက်နိုင်တဲ့သူတွေက စာမကြိုးစားတဲ့သူတွေဘဲ။ စာမကြိုးစားတဲ့သူတွေကို ဆရာက တပည့်အဖြစ် အသိအမှတ် မပြုနိုင်ဘူး။ အမှန်တကယ်က ဆရာက ကျွန်မတို့ကို မခံချင်စိတ်နှင့်ကြိုးစားချင်စိတ်ပေါ်အောင် ပြောခဲ့ခြင်း ဖြစ်သော်လည်း အားလုံးထဲမှာ စာအညံ့ဆုံး ကျွန်မက ကိုယ့်ဘာသာစိတ်မကောင်းဖြစ်စွာနှင့် ထိုအတန်းလေးကို ကျောခိုင်းလိုက်ရပြန်ပါသည်။ သို့သော် ကျွန်မဆရာ့ကို အလွန်ပင် ခင်မင်လေးစားပါသည်။ ထို့အတူ ဆရာ့ထံမှအသိအမှတ်ပြုခံရသောတပည့်

တစ်ယောက်လည်း သိပ်ဖြစ်ချင်ခဲ့ပါသည်။ သို့သော် အခုလိုအခြေအနေမျိုးနှင့်တော့ မဖြစ်နိုင်တော့ပြီမှန်း ကျွန်မသိနားလည်လာပါသည်။ ထို့ကြောင့် တစ်နေ့ ဆရာအသိအမှတ်ပြုခံရသည့် တပည့်တစ်ယောက်ဖြစ်အောင် ကြိုးစားမည်ဟု၍၊ သည်လိုနှင့်အချိန်တွေလည်းအတော်ကုန်လွန်ခဲ့ရပြီဖြစ်ပါသည်၊ မတောက်တခေါက် ဟိုမရောက် ဒီမရောက် ဂျပန်စာလေးနှင့် ကျွန်မသုံးနှစ်ကြာခရီးကို အပြန်ပြန်အလှန်လှန်သုံးသပ်မိချိန်မှာတော့ အသေအချာစဉ်းစား၍ နိုင်နိုင်မာမာဆုံးဖြတ်ခဲ့ပါတော့သည်၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှာ အစကနေပြန်ပြီး သင်ယူလေ့လာမည်ဟု၍၊ သည်လိုနှင့်သတင်းစာထဲမှာ နှစ်စဉ်လျှောက်လွှာခေါ်ယူသည့်အခါတိုင်း ကျွန်မကျောင်းကိုသွားပြီး လျှောက်လွှာဖောင် နှစ်တိုင်းဝယ်သည်။ နှစ်တိုင်းတင်ဖို့ ကြိုးစားသည်၊ သို့သော် အလုပ်မှခွင့်မပြုခဲ့၍ မနက်ပိုင်း ဒီပလိုမာအတန်းကို တက်ခွင့်မရခဲ့၊ သို့သော် ဒုဂလပိုင်းရောက်၍ လျှောက်လွှာခေါ်သည့်အခါတိုင်း သည်နှစ်တော့တက်ခွင့်ရနိုင်မည်လားဆိုသည့်မျှော်လင့်ချက်လေးနှင့်လျှောက်လွှာလေးတွေသာ တင်ဖြစ်ခဲ့လိုက်သည်၊ မတက်နိုင်ခဲ့၊ သည်လိုနှင့် နှစ်နှစ်ခန့်တပ်ကြာသွားပြန်ပါတော့သည်၊

ဖြစ်ချင်တော့ မိမိယုံကြည်ထားခဲ့သူတစ်ယောက်၏ သစ္စာဖောက်ဖျက်ခြင်းကို ခံလိုက်ရချိန်မှာ ကျွန်မဘဝတစ်ဆစ်ချိုးသို့ ရောက်သွားခဲ့ပါသည်၊

မရေရာသည့် မျှော်လင့်ချက်လေးတစ်စကိုဆုပ်ကိုင်ရင်း မှောင်မိုက်သောလမ်းမထက်မှာကျွန်မ ဒုက္ခများစွာနှင့် တစ်ယောက်ထဲ ကယ်သူမဲ့နေချိန် တကယ်တော့ကိုယ့်မာနနှင့် ကိုယ်အားလုံးကို တိတ်ဆိတ်စွာကျောခိုင်းခဲ့ခြင်းလည်းဖြစ်ပါသည်၊ အဓိကကတော့စိတ်မာတ်တွေ တစ်စစီပြိုလဲ

> ကျွန်မ နှစ်ပေါင်းများစွာ ရှူးသွပ်ခဲ့ရသောကျောင်းတော်ကြီး။ တကယ်တမ်းတက်ခွင့်ရချိန်မှာတော့ ကျွန်မလက်ထဲ ဘာမှမရှိ တော့ချိန်။ ကျွန်မ၏အခုချိန်မှာတစ်ခုထဲသာ ကျန်တော့သော အနာဂတ်ပန်းတိုင်။ ...

ကျမသွားရလေအောင် ကြံ့ကြံ့ခံနိုင်ဖို့ ကျွန်မကို ကျွန်မခံနိုင်ရည်ရှိအောင် ဘယ်လိုတည်ဆောက်မလဲဆိုသည့်အချိန်မှာ ကျွန်မ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကို တက်ဖို့ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည်။

မင်း ဂျပန်စာသင်တော့ရော တစ်နေ့ ဘာဖြစ်လာမှာမို့လို့လဲဟု တစ်ချိန်က နှိမ့်ချစကားဆိုခဲ့သူတစ်ယောက်၏ရက်စက်ခြင်းကို မခံချင်စိတ်အဖြစ်အသွင်ပြောင်း၍ သူ့ကိုဂလဲ့စားချေလိုသောစိတ်နှင့် ကျွန်မဘဝတစ်ခုလုံးကို ဂျပန်စာသင်ယူမှုထဲမှာ အားလုံးနှစ်မြုပ်ပစ်လိုက်ပါတော့သည်၊ ကျွန်မဘဝမှာအပျော်ဆုံးနေ့စွဲတစ်ခုကို ပြောပါဆိုလျှင် YUFL မှာဝင်ခွင့်စာမေးပွဲအောင်၍ သင်ပုန်းမှာ ကျွန်မ၏နာမည်စာရင်းကိုရှာတွေ့ခဲ့ချိန် အသက်ရှူများရပ်တန့်သွားပြီလားဟုထင်ရလောက်အောင်ကို ရူးရူးမူးမူး ပျော်ခဲ့ပါသည်၊

၂၀၀၉ ခုနှစ် ဒီဇင်ဘာ (၇) ရက် ။ ကျွန်မဂျပန်ဘာသာ ဒီပလိုမာအတန်းမှာ အောင်မြင်စွာသင်ကြားခွင့်ရခဲ့ပြီးဖြစ်၍ ပထမဆုံးကျောင်းတက်ရသည့်မနက်ခင်း ဖြစ်ပါသည်၊ မှတ်မှတ်ရရအဲသည်မနက်ခင်းမှာ ဆောင်းနှင်းမှုန်မှုန်လေးတွေနှင့် ပြာပြာရီရီလေး ဖွှိုင်းဝေနေခဲ့ပါသည်။ သဇင်ပန်းတစ်ခက်ကို ပန်၍ ဖွင့်ထားသော



CamScanner





ကျောင်းတံခါးမှ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းထဲ တစ်လှမ်းချင်း လျှောက်လှမ်းဝင်လာခဲ့ချိန် ဖော်မပြတတ်သောကြည်နူးမှုများစွာနှင့် ရင်တလှပ်လှပ်ခုန်နေခဲ့ပါသည်။ ထိုအချိန်က ကျွန်မမှာ နိုင်ငံခြားဘာသာတက္ကသိုလ် တက်ရန် အလုပ်မှ ထွက်ထား၍ အလုပ်မရှိပါ။ အလုပ်မရှိသောကြောင့် ဝင်ငွေလည်းမရှိပါ။ ကျွန်မခြေစုံရပ်ပြီး မော့ကြည့်လိုက်ချိန်မှာ YUFL ကျောင်းဝင်းထဲမှ ခြောက်ထပ်ကျောင်းဆောင်ကြီးက ကျွန်မကိုစီးမိုးပြီး ငုံ့ကြည့်နေခဲ့ပါသည်။ ကျွန်မ နှစ်ပေါင်းများစွာ ရှုးသွပ်ခဲ့ရသောကျောင်းတော်ကြီး။ တကယ်တမ်း တက်ခွင့်ရချိန်မှာတော့ ကျွန်မလက်ထဲ ဘာမှမရှိတော့ချိန်။ ကျွန်မ၏အခုချိန်မှာတစ်ခုထဲသာ ကျန်တော့သော အနာဂတ်ပန်းတိုင်။ ကျွန်မသည် ကျောင်းတော်ကြီးမှာ တကယ်ပဲ ဆုံးခန်းတိုင်အောင် ပညာ သင်ကြားနိုင်ပါ့မလား။

သည်ကျောင်းတော်ကြီးမှာ လေးနှစ်ဆိုတဲ့ အချိန်ကာလတစ်ခုကို အောင်မြင်စွာ ဖြတ်သန်းနိုင်ဖို့ ကျွန်မဘဝကို ဆုံးခန်းတိုင်အောင် တည်ဆောက်သွားနိုင်ပါ့မလား။ သေချာတာတစ်ခုကတော့ အဲဒီအချိန်မှာ ကျွန်မရင်ထဲ စိုးရွံ့ပူပန်စိတ်ဆိုတာတစ်စက်ကလေးမှ ရှိမနေခဲ့ပါ။ ဘဝမှာ အရာအားလုံး ပြီးပြည့်စုံနေသလို ဘယ်လိုအရာမျိုးပဲ ဖြစ်ဖြစ်ရင်ဆိုင်ဖြတ်သန်းသွားမည်ဆိုသည့် အင်အားသစ်များက နာကျင်ကြေမွနေခဲ့သော ကျွန်မနလုံးသားကို အဖန်ဖန် နှစ်သိမ့်အားဖြည့်ပေးနေခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အဲဒီအချိန်တုန်းက ကျွန်မဆိုတာသေဆုံးသွားခဲ့ပြီဖြစ်ပြီး ကျွန်မခန္ဓာကိုယ်ထဲမှာ နေ့နေ့ညည ရှင်သန်နေခဲ့သည့်ဝိညာဉ်ကတော့ ကျွန်မကို သေဆုံးစေခဲ့သည့်လူသားတစ်ယောက်ကို ရက်ရက်စက်စက်ပြန် လည်ဂလဲ့စားချေဖို့ပဲဖြစ်ပါသည်။

**ဆက်လက်ရေးသား ဖော်ပြပါဦးမည်။**



CS CamScanner